AMNESTY INTERNATIONAL



၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၂ ရက်          AI Index: ASA 16/5950/2022

# မြန်မာ - ကုလသမဂ္ဂ ပညာရေး ညီလာခံဆိုင်ရာ ပေးစာ

ကုလသမဂ္ဂ ပညာရေး အသွင်ကူးပြောင်းမှုဆိုင်ရာ ညီလာခံနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အပါအဝင် အဖွဲ့အစည်း ၁၂ ခုတို့မှ လက်မှတ်ရေးထိုးထားပြီး နိုင်ငံပေါင်း ၁၉၃ နိုင်ငံသို့ Human Rights Watch အဖွဲ့က ပေးပို့ခဲ့သော ပူးတွဲပေးပို့စာတွင် အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် မှားယွင်းစွာ လိပ်မူခဲ့မိပါသည်။ အာဏာသိမ်းစစ်အစိုးရ၏ အခြားသော အဖွဲ့ဝင်များကိုလည်း ဝန်ကြီးများ နှင့် သံအမတ်များအဖြစ် မှားယွင်းစွာ လိပ်မူခဲ့မိပါသည်။

အဆိုပါစာအား မင်းအောင်လှိုင် နှင့် အာဏာသိမ်းစစ်အစိုးရ၏  အခြားသော အဖွဲ့ဝင်များထံ လိပ်မူပေးပို့ခဲ့ခြင်းဖြစ်ကြောင်းကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေဖြင့် သဘောတူညီခဲ့ခြင်း မရှိသလို သိရှိခဲ့ခြင်းလည်း မရှိပေ။ Human Rights Watch အဖွဲ့ မှ လူသိရှင်ကြား ပြန်လည်တောင်းပန်စာတစ်စောင်တွင် ဝန်ခံထားသည့်အတိုင်း ၎င်းအနေဖြင့် အဆိုပါစာကို မင်းအောင်လှိုင် နှင့် အာဏာသိမ်းစစ်အစိုးရ၏ အခြားသော အဖွဲ့ဝင်များထံ မှားယွင်းစွာ လိပ်မူခဲ့မိခြင်းသာ ဖြစ်ပါသည်။

အဆိုပါမှားယွင်းမှုသည် မင်းအောင်လှိုင်အား ဝန်ကြီးချုပ်အဖြစ်အသိအမှတ်ပြုခြင်းမဟုတ်ပါ။ ယင်းမှားယွင်းမှုအတွက် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အနေဖြင့် တောင်းပန်ပါသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့အနေဖြင့် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ နှင့် လူမျိုးတုံး သတ်ဖြတ်မှုများအတွက် စုံစမ်းစစ်ဆေးမှုများကို ရင်ဆိုင်ရမည်ဖြစ်သော မင်းအောင်လှိုင်အပါအဝင် ပုဂ္ဂိုလ် ၁၃ ဦးတို့အား လူသိရှင်ကြား အမည်တပ် ဖော်ပြခဲ့ပါသည်။

မြန်မာနိုင်ငံရှိ အကျဉ်းထောင်များ နှင့် စစ်ကြောရေးစခန်းများမှ အာဏာသိမ်းစစ်အစိုးရ၏အာဏာပိုင်များသည် အာဏာသိမ်းမှုကို ဆန့်ကျင်မှုဖြင့် ဖမ်းဆီးထိန်းသိမ်း ခံထားရသည့် ပုဂ္ဂိုလ်များအပေါ် ညှဉ်းပန်းနှိပ်စက်မှု နှင့် အခြားသော ရက်စက်ကြမ်းကြုတ်သည့် သို့မဟုတ် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ပြုမူဆက်ဆံမှုများ ပုံမှန်ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိချက်ကို ပြီးခဲ့သည့် သီတင်းပတ်အတွင်း ထုတ်ပြန်ခဲ့သော အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ **အနှစ်ချုပ်စာတမ်း**အတွင်း ဖော်ပြထားပါသည်။